# ACC Against COVID-19




## အစီအစဉ် ( ၃၆ )

## "COVID-19 ကပ်ရောဂါကိုလူတိုင်းကိုယ်စီ အသိတရားဖြင့် ပူးပေါင်းရင်ဆိုင် ကျော်လွှားနိုင်ရေး"

တင်ပြသူ
အေးမင်းသောင်း

## COVID-19

COVID-19 ကပ်ရောဂါဆိုးကြီးသည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးသို့ ကူးစက်ခံရပြီး လူသားအားလုံး၏ အသက် အိုးအိမ် စည်းစိမ်တို့သာမက လူတစ်ဦးချင်း၏ အခွင့်အလမ်းနှင့် အနာဂတ်ခရီးလမ်းများကိုပါ ရပ်တန့်နှောင့်နှေးစေကာ အသက်ပေါင်းများစွာ ဆုံးရှုံးမှုများတွေ့ကြုံနေရပါသည်။






COVID- 19 ကပ်ရောဂါကာလတွင် ကျင့်ဝတ်ဖောက်ဖျက်မှုများ၊ အဂတိလိုက်စားမှုများက နေရာအသီးသီးတွင် ဖြစ်ပေါ်နေသည့် အတွက် စီးပွားရေး၊ လူမှုရေးပြဿနာများ ပေါ်ပေါက်လျက်ရှိပါသည်။ ပွဲလန့်တုန်းဖျာခင်းဆိုသလို အတ္တကြီးမားသည့် စီးပွားရေးသမားများက ကုန်ပစ္စည်းများအား ဈေးတင်ရောင်းချခြင်း၊ အရည်အသွေး မပြည့်မီသော ကုန်ပစ္စည်းများအား ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက် နေသည်ကိုလည်း တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်းအချို့၏ မသမာမှုများကြောင့် လူသားတို့တွင် အခက်အခဲများ ကြုံတွေ့ရပြီး ၎င်းတို့၏ အနာဂတ်ဘဝသာယာဝပြောရေးအတွက် အတားအဆီးများလည်း ဖြစ်ပေါ်နေပါသည်။



ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအပေါ်
ပြည်သူတစ်ယောက်ချင်းစီ၏
လိုက်နာမှုအပေါ် မူတည်ပြီး
ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရောဂါပြန့်ပွားမှုနှုန်း
တိုးလာခြင်း၊ ရပ်တန့်ခြင်းနှင့်
လျော့နည်းပပျောက်ခြင်းတို့ ဖြစ်လာပါသည်။






သတင်းမီဒီယာများမှတစ်ဆင့် ကျန်းမာရေး အသိပညာ
ပေးမှုများကို မည်သို့ပင် ဆောင်ရွက်နေစေကာမူ
ကပ်ရောဂါနှင့် ပတ်သက်သည့်အသိ၊
အမြင်အားနည်းသူအချို့ကြောင့်လျင်မြန်စွာကူးစက်ပြန့်ပွား
နေသည်ကို တွေ့ရှိရပါသည်။ ဤအခြေအနေကြောင့်
အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာဆည်းပူးခွင့်များနှင့်
စီးပွားရေးအခွင့်အလမ်းများ
ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။



ယနေ့အထိ ကူးစက်မှုအရှိန်တိုးပွားနေဆဲဖြစ်သော
ဤကပ်ရောဂါဆိုးနှင့်အတူ ဆက်လက်လျှောက်လှမ်းရမည့်
ဘဝခရီးတွင် ကြုံတွေ့လာရမည့် အခက်အခဲများကို
ရင်ဆိုင်ဖြေရှင်းရာတွင် တာဝန်ယူ၊တာဝန်ခံမှုရှိစွာဖြင့်
စီမံဆောင်ရွက်ရန် အလွန်ပင် အရေးကြီးလှပေသည်။






COVID -19 ကပ်ရောဂါကို
ရင်ဆိုင်ရာတွင်နိုင်ငံတော်အစိုးရနှင့်
သက်ဆိုင်ရာဌာနများသာမက ပြည်သူတစ်ရပ်လုံးမှ
လူတိုင်းကိုယ်စီ အသိတရားရှိစွာဖြင့်
ပူးပေါင်းဆောင်ရွက်မှသာ ကြုံတွေ့ရမည့်
အခက်အခဲများအားလုံးကို
အောင်မြင်စွာ ကျော်လွှားနိုင်မှာ ဖြစ်ပါသည်။



ရောဂါကူးစက်ခံရပါက မိမိ၏အခြေအနေကို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့
သတင်းပို့၍ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်သည့်
အလေ့အကျင့်ကောင်းများသည် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်နှင့်
နိုင်ငံအတွက် ကြိုတင်ကာကွယ်ပေးရာရောက်ပါသည်။

လိုအပ်သည့် အချက်အလက်များကို မေးမြန်းလာခဲ့လျှင် ထိမ်ချန်မှုမရှိပဲ
ဖြောင့်မတ်မှန်ကန်စွာ ပြောကြားမှသာ လိုအပ်သည်များ
ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရမှ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်၍
လိုက်နာစေခြင်းထက် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်ကို
သိရှိပြီး လိုက်နာစေခြင်းသည် ပိုမိုထိရောက်ပြီး
ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခိုင်မာစေမည်ဖြစ်ပါသည်။




စီးပွားရေးလုပ်ငန်းများအနေဖြင့်

အခက်အခဲကြုံရချိန်၌

အများပြည်သူအကျိုးကို ရှေးရှုပြီး

စီးပွားရေးလုပ်ငန်းများကို

ဖြောင့်မတ်တည်ကြည်မှုရှိစွာဖြင့်

လုပ်ကိုင်ဆောင်ရွက်ခြင်းသည်

နိုင်ငံနှင့်နိုင်ငံသားများ၏အကျိုးကို

ထည့်သွင်း စဉ်းစားရာ ရောက်ပါသည်။




အခက်အခဲများကိုအောင်မြင်စွာ
ရင်ဆိုင်ကျော်လွှားနိုင်ရေး
အတွက် အစိုးရဌာနအဖွဲ့အစည်းများ၊
ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်
လူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်
ဆောင်ရွက်မှုများ လိုအပ်လျက်ရှိပါသည်။




လူသားများအားလုံး ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုကို
လက်ကိုင်ထားခြင်းဖြင့် အကြပ်အတည်းကို ဖြတ်ကျော်နိုင်ပြီး
ကောင်းမွန်သာယာသော အနာဂတ်ကို
တည်ဆောက်နိုင်ကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းလိုက်ပါသည်။